
ဇေယန
(ရာမည)
အောင်မြတ်သာနှင့်
စားကျက်လုပွဲ

ဇေယန(ရာမည)
အောင်မြတ်သာနှင့် စားကျက်လုပွဲ

"ဟိတ်ကောင် ရပ်လိုက်စမ်း မင်းကဘယ်သူ့အခွင့်နဲ့ ဒီနယ်ထဲကို ဝင်လာရတာလဲ"

ခြောက်ကပ်ကပ် အသံနက်ကြီးနဲ့ အော်လိုက်တဲ့အသံကြောင့် ကျွန်တော် လိပ်ပြာလွင့်မတတ် ကြောက်လန့်သွားခဲ့တယ်။ ဘာဖြစ်လို့လဲဆိုတော့ အခုရောက်နေတဲ့နေရာကို ကျွန်တော်လုံးဝ မသိခဲ့လို့ပဲ။

"ဟေ့ကောင် မင်းကိုမေးနေတယ် မင်းဘယ်ကနေ လာတာလဲ"

အသံသာကြားရပြီး အကောင်အထည်ကို မမြင်ရတာကြောင့် ခေါင်းတစ်ခုလုံး ထူပူသွားပြီး ဘေးဘီကို လိုက်ကြည့်နေတဲ့အချိန်

"ငါတို့က ရေမြောင်းထဲမှာရှိနေတာ မင်းကိုငါတို့ မြင်နေရတယ်နော်"ဆိုပြီး ပြောလိုက်တဲ့အသံကို ကြားလိုက်ရတယ်။

"ကျွန်တော် ဘယ်ရောက်နေတာလဲ အခုပြောနေတဲ့ သူတွေကရော ဘယ်သူတွေလဲ"

"ဟားဟားဟား အဟီးအဟီး ဟက်ဟက် မင်းက အတော်သနားဖို့ကောင်းတဲ့ ကောင်ပဲ အခုမင်းရောက်နေတဲ့နေရာက မြေနီဖုန်းဆိုးတောလို့ခေါ်တယ် မင်းဒီမှာ နေချင်တိုင်းနေလို့မရဘူး မင်းအတွက်နေရာ ဒီမှာမရှိဘူး"

"မဟုတ်ဘူးလေ ကျွန်တော်က သပြေကုန်းရွာမှာနေတာ ဒီမှာလည်း

ကျွန်တော်မနေပါဘူး သပြေကုန်းရွာကို ဘယ်လိုပြန်ရမလဲ လမ်းပြကြပါဦး"

"မင်းက အတော်သနားစရာ ကောင်းတာပဲ မင်းနောက်ဆုံး ဘယ်မှာနေခဲ့တာလဲ ပြန်စဉ်းစားစမ်း"

ရေမြောင်းထဲကနေ ကြားလိုက်ရတဲ့အသံကြောင့် ကျွန်တော်ဘာတွေဖြစ်ခဲ့လဲ ဆိုတာ ပြန်စဉ်းစားလိုက်မိတယ်။

"ထန်းပင်ပေါ်ကို ငါတက်နေတယ် ဟုတ်တယ် ချက်စူရဲ့ထန်းတောမှာ ငါက ထန်းတက်သမားပဲ ငါထန်းပင်ပေါ်တက်သွားပြီး မြူအိုးကို ယူချလာခဲ့တယ် အဲဒီနောက်ပိုင်း ဘာဖြစ်သွားတာလဲ ငါဘယ်လိုမှ မမှတ်မိတော့ပါလား အား ငါ့ခေါင်းတစ်ခုလုံး ဆယ်ပေါင်တူနဲ့ အထုခံရသလို ကိုက်ခဲလာပါလား အား"

"ဟိုကောင်လေး မင်းသတိမရဘူး မဟုတ်လား ဒါဆိုငါပြောပြမယ် မင်းက သေသွားပြီ မင်းမှာ အသက်မရှိတော့ဘူး မင်းရဲ့ ဝိညာဉ်က ဒီဖုန်းဆိုးတောထဲကို ရောက်လာတာ ဟားဟားဟား"

"မဟုတ်ဘူး ကျွန်တော်မသေသေးဘူး ခင်ဗျားတို့ကျွန်တော့်ကို မခြောက်ကြပါနဲ့ ကျွန်တော်မသေသေးဘူး"

"ဒီကောင်ကွာ အတော်ပြောဆိုရ ခက်တာပဲ မင်းသေမသေ သိချင်ရင် ကျောတစ်ခင်းစာ နေရာ လိုက်ရှာကြည့်ကွာ ဒါဆိုမင်းသိလိမ့်မယ်"

ရေမြောင်းထဲက စကားသံကြောင့် ကျွန်တော်ခေါင်းထဲမှာ အတွေးတစ်ခု ဝင်လာခဲ့တယ်။

"လူတွေရှိရာကို သွားကြည့်ရမယ် သူတို့နဲ့စကားပြောလို့ရရင် ငါရွာကိုပြန်ရမယ့်လမ်းကို တွေ့လိမ့်မယ် ဟုတ်ပြီ ဒီအနီး တစ်ဝိုက်မှာတော့ လူနေအိမ်

တစ်လုံးတော့ ရှိရမယ်"

ကျွန်တော်လည်း အတွေးဝင်လာတဲ့အတိုင်း လူနေအိမ်တွေကို တွေ့ရဖို့ ခြေဦးတည့်ရာကို ထွက်လာခဲ့လိုက်တယ်။ အတော်ကြာ သွားပြီးတဲ့အထိ လူတွေရဲ့အရိပ်အယောင်ကို မမြင်ရသေးဘူး။ လမ်းတစ်လျှောက်မှာ မြင်ရတဲ့ သစ်ပင်တွေအပေါ်မှာလည်း ပုံပန်းသဏ္ဌာန်မျိုးစုံရှိတဲ့ သူတွေကို တွေ့လိုက်ရတယ်။ သူတို့က ကျွန်တော့်ကိုမြင်တော့ အနားကပ်မခံဘဲ မောင်းထုတ်ခဲ့တယ်။ ကျွန်တော့်အတွက် နေစရာမရှိဘူးတဲ့။ ကျွန်တော်တကယ်ပဲ သေဆုံးခဲ့တာလား။ သေဆုံးတယ် ဆိုတာကို ကျွန်တော်ဘယ်လိုမှ လက်သင့်မခံနိုင်သေးဘူး။

ကျွန်တော်လည်း အချိန်ဘယ်လောက် ကြာမှန်းမသိအောင် လျှောက်လာနေခဲ့မိတယ်။ ဒီလိုနဲ့ တောတန်းလေးတစ်ခု အနားရောက်တော့ ထင်းစည်းတွေကို ခေါင်းပေါ်ရွက်ပြီး ပြန်လာကြတဲ့ မိန်းကလေး နှစ်ယောက်ကို တွေ့လိုက်ရတယ်။

ကျွန်တော်လည်း မိန်းကလေး နှစ်ယောက်ကိုမြင်တော့ ပြောပြမတတ်အောင် ဝမ်းသာသွားပြီး သူတို့ရှိရာကို ပြေးထွက်လာခဲ့မိတယ်။ အနားရောက်ဖို့ သုံးတောင်လောက် အလိုမှာတော့ ကျွန်တော်ခြေထောက်တွေ ရှေ့ဆက်တိုးလို့မရအောင် တစ်စုံတစ်ခုက တားဆီးထားသလို ခံစားလိုက်ရတယ်။

"ဒီမယ် ဒီမယ် ကျုပ်တစ်ခုလောက် မေးမလို့ ဟေ့ ဟေ့"

ကျွန်တော် အသံကုန်ဟစ်ပြီး အော်ပြောလိုက်ပေမဲ့ မိန်းကလေးနှစ်ယောက်က မကြားရတဲ့ ပုံစံနဲ့ ဆက်သွားနေခဲ့ကြတယ်။

"အမိတို့ ကျုပ်ပြောနေတာ ကြားလား ကျုပ်ဒီမှာလေ"

လက်ကိုဝှေ့ယမ်းပြီး နောက်ဆုံးအကြိမ် ကြိုးစားကြည့်ပေမဲ့ အချည်းနှီး ဖြစ်ခဲ့ရတယ်။ ဒါဆို တကယ် သေဆုံးသွားခဲ့ပြီလားဆိုတဲ့ အတွေးက ကျွန်တော့်ရဲ့ ခွန်အားတွေကို စုပ်ယူလိုက်သလို ဖြစ်စေခဲ့ပြီး လူလည်းပျော့ခွေ သွားခဲ့တယ်။

အိမ်မှာကျန်ခဲ့တဲ့ လူမမယ် ကလေးနှစ်ယောက်ရဲ့ မျက်နှာကိုတွေးမိပြီး ကျွန်တော် ထိုင်ငိုနေခဲ့မိတယ်။ မျက်ရည်တွေခန်းသွားပြီ ထင်ရလောက် အောင် ငိုပြီးတဲ့အချိန်မှာတော့ ကျွန်တော် ဗိုက်ထဲကနေ မခံမရပ်နိုင်အောင် ဆာလောင်လာခဲ့တယ်။

တောင်စွယ်ကို ကြည့်လိုက်တော့လဲ နေကဝင်လုဝင်ဆဲ ဖြစ်နေပြီ။ လူသူ အရောက်ပေါက်နည်းတဲ့ ဒီလိုနေရာမှာ စားစရာတစ်ခုရဖို့ ဘယ်လိုရှာရမ လဲ ဆိုတာ ကျွန်တော်တကယ် မသိခဲ့ဘူး။ ဘေးပတ်ဝန်းကျင်ကို ကြည့် လိုက်တော့လည်း စားပင်သီးပင် တစ်ပင်မှ မတွေ့။ နောက်ဆုံး မရှိရှိတဲ့ ခွန်အားတွေကိုစုပြီး မတ်တတ်ထရပ်လိုက်တဲ့ အချိန် တောအုပ်ထဲကနေ ထွက်လာတဲ့သူအချို့ကို မြင်လိုက်ရတယ်။

ကျွန်တော်လည်း ဝမ်းသာအားရနဲ့ လှမ်းမြင်နေရတဲ့ သူတွေဆီကို ဖြည်းဖြည်းချင်း လျှောက်သွားခဲ့တယ်။

"မိတ်ဆွေတို့ မိတ်ဆွေတို့ ကျုပ်ဗိုက်အရမ်းဆာနေလို့ စားစရာ တစ်ခုခု များရှိရင် မျှပါဦးဗျာ"

ကျွန်တော့်အသံကြောင့် အနောက်ဘက်ကို ဖြည်းဖြည်းချင်း လျှောက်သွား နေကြတဲ့ သူတွေက ဆက်မသွားတော့ပဲ ရပ်လိုက်ကြပြီး ကျွန်တော့်ကို လှည့်ကြည့်ခဲ့တယ်။

ကျွန်တော့်ဘက်ကို မျက်နှာလှည့်ပြီး ကြည့်လိုက်တဲ့အခိုက်မှာ မြင်လိုက်ရ တဲ့ မြင်ကွင်းကြောင့် ကျွန်တော် ခြေဖျားလက်ဖျားတွေ အေးစက်လာတဲ့

အထိ ကြောက်လန့်သွားခဲ့တယ်။

မျက်နှာပြင်တစ်ခုလုံး ပြောင်ချောကြီးဖြစ်နေပြီး ပါးစပ်ပေါက်နေရာမှာ ပဲစေ့တစ်စေ့စာလောက်သာ ပါတဲ့အပြင် လက်တွေခြေတွေမှာလဲ လောက်ကောင်တွေ ပွစိတက်နေတာမြင်တော့ ခုနကဖြစ်နေတဲ့ ဆာလောင်မှုတွေ ပျောက်ချင်းမလှ ပျောက်ကွယ်သွားပြီး အနောက်လှည့် ပြန်ပြေးချင်စိတ်က ထိန်းမရအောင် ဖြစ်ပေါ်လာခဲ့တယ်။

မျက်နှာပြင် ပြောင်ချောကြီးဖြစ်နေတဲ့ သူတွေက ကျွန်တော့်ကိုမြင်တော့

"ဟိုကောင်လေး မင်းကလူသစ် ထင်တယ် ငါတို့ကိုမြင်ပြီး ကြောက်နေတာလား"

ပဲစေ့လောက်ရှိတဲ့ ပါးစပ်ကနေ ထွက်လာတဲ့အသံကြောင့် ထွက်ပြေးဖို့ လုပ်နေတဲ့ ကျွန်တော့်ခြေလှမ်းတွေကို ပြန်ရုပ်သိမ်းလိုက်ပြီး

"ခင်ဗျားတို့က ဘယ်သူလဲ ကျုပ်ကိုသိလို့လား"

"ဟက်ဟက်ဟက် ငါတို့ဆီကို လူသစ်တစ်ယောက် ရောက်လာမယ်ဆိုတာ သိပြီးသားပါ"

"ကျွန်တော် ဒီမှာမနေချင်ဘူး ရွာပြန်ချင်တယ် နောက်ပြီး ခင်ဗျားတို့ရဲ့ပုံတွေကို မြင်ရတာ စိတ်မချမ်းသာဘူး"

ကျွန်တော့်စကားကို ကြားတော့ မျက်နှာပြောင်နဲ့ လူသုံးယောက်က ဟက်ဟက်ပက်ပက် ရယ်လိုက်ကြပြီး

"မင်းပြန်လို့မရဘူး ဒီမှာပဲနေရမယ် ဒါဟာ ငါတို့သတ်မှတ်ထားတဲ့ အရာလည်းမဟုတ်ဘူး မင်းရဲ့ကုသိုလ်ကံ သတ်မှတ်ထားခဲ့တာ မင်းဒီနေရာမှာ နေကိုနေရမယ်"

"ဒါဆို ကျွန်တော်က တကယ် သေခဲ့ပြီပေါ့နော်"

"ဟုတ်တယ် မင်းကလူဘဝမှာ မဟုတ်တော့ဘူး ဒါကြောင့်လူသားတွေလို နေထိုင်ပြောဆိုတာတွေကို မလုပ်မိပါစေနဲ့ ငါတို့အခု အစာရှာထွက်မလို့ မင်းလိုက်ခဲ့ချင်ရင် လိုက်ခဲ့လို့ရတယ်"

ဒီတိုင်းနေလည်း မထူးမယ့်အဆုံး တဂွီဂွီအော်မြည်နေတဲ့ ဗိုက်ကိုပွတ်ပြီး အရှေ့ကနေထွက်သွားတဲ့ သူတွေအနောက်ကို လိုက်သွားဖြစ်ခဲ့တယ်။ အတန်ကြာ သွားပြီးတဲ့နောက်မှာတော့ ထင်းခုတ်သမားတွေ နေထိုင်ခဲ့တဲ့ ယာယီတဲအိမ်လေး တစ်ခုဆီကို ရောက်လာခဲ့တယ်။

ယာယီတဲအနားကို ရောက်တော့ စားကြွင်းစားကျန်တွေကို အငမ်းမရ ရှာဖွေစားသောက်နေကြတဲ့ နာနာဘာဝ အရွယ်မျိုးစုံ၊ ပုံသဏ္ဍာန်မျိုးစုံကို တွေ့လိုက်ရတယ်။ ကျွန်တော်ကပဲ ကံကောင်းတာလား ရှာနေတဲ့သူတွေက ပဲ မမြင်မိတာကြောင့်လားတော့ မသိဘူး။ တဲအိမ်ရဲ့ ထုပ်တန်းပေါ်မှာ အင်ဖက်နဲ့ ထုပ်ထားတဲ့ ကြက်ခြေထောက် နှစ်ချောင်းကို ရှာတွေ့ခဲ့တယ်။

တဖြည်းဖြည်းနဲ့ ညကမှောင်မိုက်လာလေလေ အစာရှာထွက်လာကြတဲ့ နာနာဘာဝတွေက ပိုပြီးများလာလေလေ ဖြစ်လာတယ်။ ရွာဘုရားပွဲမှာ ကြိတ်ကြိတ်တိုး စည်ကားဖူးတဲ့ မြင်ကွင်းက ဒီလောကကို မမီဘူးဆိုတာ အခုမှကျွန်တော် သိခဲ့ရတယ်။

ကျွန်တော်လည်း ရထားတဲ့ ကြက်ခြေထောက် နှစ်ချောင်းကို လက်ထဲ ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ပြီး အခြား စားစရာလေးများ ရှိမလားဆိုပြီး လိုက်ကြည့်နေတဲ့အချိန်

"ဟေ့ကောင် မင်းလက်ထဲ ကိုင်ထားတာဘာလဲ"ဆိုတဲ့အသံက အမှောင်ထုထဲကနေ ထွက်ပေါ်လာခဲ့တယ်။

ကျွန်တော်လည်း အသံကြားရာဘက်ကို ကြည့်လိုက်တော့ တစ်ကိုယ်လုံး အမွေးအမှင်တွေ ဖုံးလွှမ်းပြီး လူလေးဖက်စာလောက် ကြီးတဲ့ သရဲတစ်

ကောင်ကို မြင်လိုက်ရတယ်။